**ချက်ခြင်းထုတ်ပြန်ရန်**

**ဘန်းချောင်းကျောက်မီးသွေးစီမံကိန်းတိုင်ကြားချက်ကို ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကနဦး ကြားနာစစ်ဆေး**

၁၂ ရက် စက်တင်ဘာလ ၂၀၁၇

မြန်မာနိုင်ငံတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းတည်ရှိသော ဘန်းချောင်းဒေသ ကျောက်မီးသွေး သတ္တုတွင်းစီမံကိန်းကြောင့် ထိခိုက်ခံစားနေရသော ဒေသခံများ၏တိုင်ကြားမှုကို ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ၁၁ ရက် စက်တင်ဘာလ ၂၀၁၇ တွင် ကနဦး ကြားနာစစ်ဆေးမှု စတင်ပြုလုပ်ခဲ့သည်။

ဌာနေကရင်တိုင်းရင်းသား ပြည်သူလူထု၏ကိုယ်စားလှယ်များမှ ထိုင်းနိုင်ငံပိုင်ကုမ္ပဏီများ၏ လုပ်ကိုင်ဆောင်ရွက်လျှက်ရှိသည့် တွင်းဖွင့်ကျောက်မီးသွေးသတ္တုတူးဖော်ရေးလုပ်ငန်းကြောင့် ဖြစ်ပေါ်လျှက်ရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေသည်ကို ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ ၂၀၁၇ ခုနှစ် ဖွန်လ ၂၀ ရက်နေ့တွင် တိုင်ကြားလိုက်ပါသည်။ ဒေသခံများ၏ တိုင်တန်းမှုများအရ ဘန်းချောင်း ကျောက်မီးသွေးသတ္တုတွင်းစီမံကိန်းသည် လေနှင့်ရေထုညစ်ညမ်းမှု၊ ဒေသခံများ၏စားဝတ်နေရေးထိခိုက်မှု၊ စိုက်ပျိုးမြေများမတရားသိမ်းယူမှုများနှင့် အခြားသော ထိခိုက်နာကျင်မှုများဖြစ်ပေါ်လျှက်ရှိသည်။

အဆိုပါသတ္တုတွင်းစီမံကိန်းသည်ကရင်အမျိုးသားအစည်းအရုံးနှင့်မြန်မာ့တပ်မတော်တို့အကြား ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားလျှက်ရှိသည့်ပဋိပက္ခဒဏ်ကို ခံစားနေရသော တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာ(၂၂)ရွာ လူဦးရေ ၁၆၀၀၀ ကျော်နေထိုင်နေသော ဘန်းချောင်းဒေသကို ထိခိုက်ရန်ရှိနေသည်။

ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် တာကပေါလူငယ်အဖွဲ့၊ ထိုင်းနိုင်ငံအခြေစိုက် SEM(Spiritual Education Movement) နှင့် အားလုံးပါဝင်သော နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့ (Inclusive Development Internatioanl) တို့၏အကူအညီဖြင့် ပြုလုပ်သည့် ဤတောင်းဆိုမှုသည် ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်ကို ကျောက်မီးသွေးသတ္တုတွင်းနှင့် ပါဝင်ပတ်သက်လျှက်ရှိသည့် ထိုင်းနိုင်ငံမှ ပိုင်ဆိုင်သော ကုမ္ပဏီ ၃ ခုဖြစ်သည့် Energy Earth PCL ၊ East Star Company နှင့် Thai Asset Mining Company တို့အပြင်စတုတ္ထကုမ္ပဏီဖြစ်သည့် မြေဧက ၂၁၀၀ ပေါ်တွင် သတ္တုလုပ်ကိုင်ခွင့်ရရှိထားသော မြန်မာနိုင်ငံအခြေစိုက် မေဖလားဝါး ကုမ္ပဏီတို့၏ လုပ်ငန်းလည်ပတ်မှုများကို လာရောက်စစ်ဆေးပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

တာကပေါလှုငယ်အဖွဲ့ကမူ “ ထိုင်းအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဒီတိုင်ကြားမှုကို တက်တက်ကြွကြွနဲ့စတင် ကြားနာနေတာကိုတွေ့ရတာ အရမ်းပဲဝမ်းသာပါတယ်။ ဒီကြားနာမှုကနေမှတဆင့် စီမံကိန်းကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ ထိခိုက်မှုတွေကို လာရောက်စစ်ဆေးပြီး မည်သည့်ထိခိုက်နစ်နာရမှုတွေအတွက်မဆို ပြန်လည်ပေးလျှော်မှုတွေ ပြုလုပ်ဖို့အတွက်လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေပါ ပြုလုပ်ပေးဖို့ မျှော်လင့်ပါတယ်” ဟုပြောကြားပါသည်။

တိုင်ကြားမှုများအရ ဘန်းချောင်းဒေသတွင်နေထိုင်သည့် ဒေသခံလူထုများသည် ကျန်းမာခွင့်၊ ပြည့်စုံလုံလောက်သောစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လူနေမှုဘဝရရှိခွင့်တို့အပါအဝင် မြောက်များစွာသောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဆိုးဆိုးရွားရွားကြုံတွေ့နေကြရသည်။ဘန်းချောင်းကျောက်မီးသွေးတွင်းမှထွက်လာသော စွန့်ပစ်မြေစာလောင်ကျွမ်းပြီးအနံ့ဆိုးများထွက်ပေါ်နေခြင်းသည် ဒေသခံများကိုငှင်းတို့၏နေအိမ်များတွင်မနေနိုင်ဘဲစွန့်ခွာထွက်ပြေးရန် လှုံ့ဆော်နေသကဲ့သို့အဆိုပါအနံ့ဆိုးများကြောင့် မူးဝေအော့အန်ခြင်း၊ ဖျားနာ ခြင်းများလည်းဖြစ်ပေါ်လျှက်ရှိသည်။ စီမံကိန်းကြောင့် ဒေသခံများသောက်သုံးရန်၊ ချိုးရန်၊ ချက်ပြုတ်ရန် အသုံးပြုသည့် ရေအရင်းအမြစ်များသည်လည်း ညစ်ညမ်းသွားခဲ့ပြီဖြစ်သည်။ ဒေသခံများ၏တိုင်ကြားမှုများအရ မိုးရာသီတွင် ညစ်ညမ်းမှုများသည် ဒေသတွင်းရှိ မြစ်ချောင်းများ အတွင်းသို့စီးဝင်ပြီး ငါးများ၊ ဟင်းသီး ဟင်းရွက်များကို သေကျေပျက်စီးစေသဖြင့် ငှင်းတို့၏ စားဝတ်နေရေးနှင့် လူမှုဘဝကို ထိခိုက်လျှက်ရှိကြောင်း သိရသည်။

“ဒီစီမံကိန်းကြောင့်ထိခိုက်ခံခဲ့ရတဲ့ဒေသခံတွေကစီမံကိန်းကြောင့်သူတို့အပေါ်ဖြစ်ပေါ်ခဲ့တဲ့ထိခိုက်ခံစားရမှုတွေ၊ဆိုးကျိုးတွေအတွက်ကို ပြန်လည်ပေးလျှော်ဖို့ ကုမ္ပဏီကိုတောင်းဆိုနေခဲ့တာ နှစ်တွေကြာခဲ့ပြီဖြစ်ပေမယ့်အဖြေကတော့(ခုထိ)မရသေးပါဘူး” ဟု Inclusive Development International မှမန်နေဂျင်းဒါရိုက်တာ David Pred ကပြောဆိုသည်။ “အခု ကုမ္ပဏီတွေဘက်ကထိခိုက်ခံစားနေရတဲ့ဒေသခံတွေရဲ့အသံကိုကြားရပါပြီ၊ ဒီအပေါ်မှာအခြေခံပြီး ဒီထိခိုက်ခံစားရမှုတွေအတွက် လိုအပ်တဲ့အရေးယူဆောင်ရွက်ချက်တွေကိုလုပ်ဆောင်လိမ့်မယ်လို့ ကျွန်ုပ်တို့ မျှော်လင့်ပါတယ်” ဟုလည်း ငှင်းက ဆက်လက်ပြောကြားသည်။

မေဖလားဝါးကုမ္ပဏီသည် ၂၀၁၀ နှင့် ၂၀၁၁ ခုနှစ်များတွင် ခွင့်ပြုမိန့်ရရှိထားသည်။ သို့သော်မြေပြင်တွင် တူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်ကားမဟုတ်ပေ။ ထိုင်းနိုင်ငံ ရက်ချ်ဘူရီ တွင်အခြေစိုက်သည့် East Star နှင့် ကန်ချနဘူရီတွင် အခြေစိုက်သည့် Thai Asset ကုမ္ပဏီတို့ကသတ္တုတွင်းနှင့်ဆက်စပ်သယ်ယူပို့ဆောင် တည်ဆောက်ရေး လုပ်ငန်းများကို အကောက်အထည်ဖော်လျှက်ရှိသည်။ ဘန်ကောက်တွင် အခြေစိုက်သည့် Corporation Energy Earth မှအဆိုပါသတ္တုတွင်းလုပ်ငန်းများကို ရန်ပုံငွေထောက်ပံ့ရန် နှင့် ငှင်းတို့၏ ဝယ်ယူသူကွန်ရက်များကိုဖြန့်ဝေရန်အတွက် သဘောတူညီမှုတစ်ခုကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ယခု ၁၁ရက်စက်တင်ဘာလ ၂၀၁၇ တွင် ဘန်ကောက်၌ပြုလုပ်သည့် ကြားနာပွဲသို့အဆိုပါကုမ္ပဏီ သုံးခုစလုံးမှတက်ရောက်ခဲ့ကြသည်။

စီမံကိန်းကြောင့်ထိခိုက်ခံစားရသော ဒေသခံလူထုများ၏ ကိုယ်စားလှယ်များက ၄င်းတို့သည် သတ္တုတွင်းကို အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသော ကုမ္ပဏီများနှင့် ညှိနှိုင်းနိုင်ရန် နှစ်ပေါင်းများစွာ ကြိုးစားခဲ့ပြီး ရလာဒ်ကား အချည်းနှီးသားဖြစ်သည်ဟုဆိုသည်။ ယနေ့အချိန်တွင်ကား ၄င်းတို့မှစီမံကိန်းများကိုလုံးဝရပ်ဆိုင်းရန် တောင်းဆိုနေပြီဖြစ်သည်။

စီမံကိန်းကြောင့်ထိခိုက်ခံစားနေရသည့် ကျေးရွာတစ်ရွာမှ လူထုကိုယ်စားလှယ်တစ်ဦးက "ကျွန်မတို့က ကျောက်မီးသွေးတွေမီး ထ ထလောင်နေလို့ ဆိုးဆိုးရွားရွားခံစားနေရတယ်။ ကုမ္ပဏီကလည်းဒီကိစ္စကို မဖြေရှင်း ပေးနိုင်ဘူးဆိုတာကျွန်တော်တို့သိရပြီ။ အဲဒါက ကျွန်မတို့ ဘဝတွေကို ဘယ်လိုမှ ဆက်ပြီး သည်းမခံနိုင်အောင် လုပ်နေတာပဲ။ ဒီကျောက်မီးသွေးပုံကြီးမီး ဒီလိုပဲအမြဲတမ်းမီးလောင်နေမှာကို ကျွန်မတို့ တကယ်ပဲ ကြောက်လှပါတယ်။ ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ဒီစီမံကိန်းကို လာရောက်စစ်ဆေးပြီး ထိုင်းနိုင်ငံပိုင် ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံက ဒေသခံတွေအပေါ်မှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ထပ်မံမပြုလုပ်ဖို့ သေချာအောင်လုပ်ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။

ထပ်မံသိရှိလိုပါက
၁။Mark Grimsditch, mark@inclusivedevelopment.net.၊
၂။နော်ပီသလော (ဖုန်း-09-422207276)၊
၃။ကိုသန့်ဇင် (ဖုန်း-09-422190691) သို့ ဆက်သွယ်နိုင်ပါသည်။